# အပြည်ပြည်ဆိုင်ရာဥပဒေ- ကန့်ကွက်ဆန္ဒပြပွဲများနှင့် ဖမ်းဆီး ထိန်းသိမ်းခံရစဉ်ကာလ အမျိုးသမီး သတင်းသမားတို့၏အခွင့်အရေးများ။

**၂၀၂၁ ခုနှစ်၊ ဇူလိုင်လ။**

Centre for Law and Democracy
info@law-democracy.org
+1 902 431-3688
www.law-democracy.org

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေ အထွေထွေပြဋ္ဌာန်းချက်များအရ အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရှိသည့်အပြင် အမျိုးသမီးများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံသားအခွင့်အရေးများ၌ တန်းတူညီမျှရှိမှုတို့ကို အာမခံချက်ပေးထားသော **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်** (CEDAW) လည်း သီးသန့်ရှိလေ၏။ ယင်း၌ ပြည်သူ့ဘဝကိစ္စရပ်များတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်နှင့် ၎င်းတို့ ရွေးချယ်ထားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်တို့ ပါဝင်သည်။ ထို့အပြင် ကျား/မ အခြေပြုအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုတို့မှ အမျိုးသမီးများအား အကာအကွယ်ပေးရန် အတွက် သက်ဆိုင်ရာ နိုင်ငံများအနေဖြင့်လည်း တာဝန်ရှိလေ၏။ စင်စစ် ထိုသို့သော အကြမ်းဖက်မှုမျိုးမှာ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံတစ်မျိုးပင် ဖြစ်ရာ ယင်း၌ အမျိုးသမီးတို့၏ အသက်ရှင်ရပ်တည် ခွင့်၊ ကျန်းမာရေး၊ လွတ်လပ်ခွင့်၊ စိတ်ချလုံခြုံမှုရရှိခွင့်၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် ကြမ်းတမ်းရက်စက်စွာ ဆက်ဆံ မှုတို့မှ ကင်းလွတ်ပိုင်ခွင့်တို့ကို ထိခိုက်နစ်နာစေခြင်းတို့လည်း ပါဝင်၏။

မြန်မာနိုင်ငံသည် **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်** (CEDAW) ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ပြည်သူ့အာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီး အခွင့်အရေးများကို ထိခိုက်စေမည့် ဆောင်ရွက်မှုများကို ရှောင်ရှားရန်နှင့် အမျိုးသမီးများ၏ တန်းတူညီမျှ အခွင့်အရေးများကို ကာကွယ်ပေးရေးအတွက် အပြုသဘောဆောင်သော အစီအမံများကို ချမှတ်ရန် အပြည်ပြည်ဆိုင်ရာဥပဒေအရ တာဝန်ရှိလေ၏။

## ကန့်ကွက်ဆန္ဒပြပွဲများအတွင်း အမျိုးသမီးများနှင့် အမျိုးသမီးသတင်းသမားများ၏ အခွင့်အရေးများ

သတင်းသမားများအနေဖြင့် ကန့်ကွက်ပွဲများနှင့် ဆန္ဒပြမှုများ၌ ပါဝင်ခွင့်ရှိသည်။ ၎င်းတို့သည် အများသူငါကဲ့သို့ပင် လွတ်လပ်စွာ စုရုံးပိုင်ခွင့်ကို ကျင့်သုံးသည့်အနေဖြင့် ဆန္ဒပြမှုများတွင် ပါဝင်နိုင်၏။ ထို့အပြင် ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများ၏ လုပ်ရပ်များအား မှတ်တမ်းယူခြင်းနှင့် မှတ်တမ်းတင်ခြင်းများအပါအဝင် ကန့်ကွက်ဆန္ဒပြမှုများအကြောင်း လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်လည်း ရှိ၏။ လူထုဆန္ဒပြပွဲများတွင် မည်သို့ဖြစ်ပျက်လျက်ရှိကြောင်း သတင်းပို့ရသော လေ့လာသူများအနေဖြင့် ၎င်းတို့၏ သတင်းရယူနိုင်စွမ်းနှင့် သတင်းမှတ်တမ်းများကို ကာကွယ်ခြင်းသည် သတင်းအချက်အလက်များကို ရယူရန်အတွက် အများပြည်သူ ဆိုင်ရာ ရပိုင်ခွင့်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်လေ၏။

ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအပါအဝင် နိုင်ငံတော်အဆင့်၌ တာဝန်ခံပုဂ္ဂိုလ်များအနေဖြင့် ကန့်ကွက်ဆန္ဒပြပွဲများအတွင်း သတင်းသမားတို့၏ လုပ်ငန်းများကို ခွင့်ပြုပေးရုံမျှမက ၎င်းတို့၏လုပ်ငန်းလွယ်ကူချောမွေ့စေရေးအတွက် စီစဉ်ပေးရန်ပင် တာဝန်ရှိသည်။ သတင်းသမားတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို တားဆီးခြင်း၊ ကန့်ကွက်ဆန္ဒပြပွဲတစ်ခုအကြောင်း သတင်းပေးပို့ရုံမျှဖြင့် ဖမ်းဆီးခြင်း သို့မဟုတ် ၎င်းတို့၏ ပစ္စည်းကိရိယာများကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ၎င်းတို့အား ကာယကံမြောက် တိုက်ခိုက်ခွင့်ပြုခြင်းတို့သည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများပင် ဖြစ်လေ၏။

အမျိုးသမီးသတင်းသမားများသည် အမျိုးသားသတင်းသမားများနည်းတူ ကန့်ကွက်ဆန္ဒပြပွဲများကို သတင်းရယူခွင့် ရှိရာ ၎င်းတို့သည်လည်း ဘေးအန္တရာယ်ရှိသော အခြေအနေများကိုပင် ရင်ဆိုင်ကြရ၏။ ထိုအခြေအနေမျိုးတွင် အမျိုးသမီးသတင်းသမားတို့အတွက် လုံခြုံမှုကင်းမဲ့လျက်ရှိကြောင်း ၎င်းတို့ကိုယ်တိုင်ခံစားနေ ရစဉ် ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် (လူကြီးသူမနေရာ ဝင်ယူလျက်ဆုံးမလမ်းညွှန် ကာကွယ်ပေးနေသယောင် ပြုမူမည့်အစား) ထိုအမျိုးသမီးသတင်းသမားတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်များကို လေးစားလျက် အကာအကွယ်ပေးသင့်၏။

အမျိုးသမီးတစ်ဦးအား အားနွဲ့သော အမျိုးသမီးဖြစ်သည်ဟူသော အကြောင်းပြချက်သက်သက်ဖြင့်ဖြစ်စေ, ဘေးအန္တရာယ်ကျရောက်နိုင်သည် ဟူသော အကြောင်းပြချက်ဖြင့်ဖြစ်စေ ၎င်းအား သတင်းရယူခြင်း/ ပေးပို့ခြင်း မပြုနိုင်အောင် ဟန့်တားရန် မသင့်ချေ။ ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် သတင်းသမားတစ်ဦးဦးအား ကျား/မ ခွဲခြားလျက် ဆက်ဆံမှုမျိုး မပြုလုပ်သင့်ပေ။ သတင်းသမားတစ်ဦးဦးအား

အမျိုးသမီးဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ကျူးလွန်သော မည်သည့် နှောင့်ယှက်မှုမျိုး သို့မဟုတ် အကြမ်းဖက်မှုမျိုးမဆို လုံးဝ မသင့်လျော်ရုံမျှမက မီဒီယာကဏ္ဍ၌ တန်းတူညီမျှမှုရှိရေးအတွက် ကြိုးပမ်းနေသော အမျိုးသမီးတို့၏ စွမ်းဆောင်ရည်ကို ဆိုးရွားစွာ ထိုးနှက်လိုက်သော အန္တရာယ်တစ်ခုလည်း ဖြစ်လေ၏။

ကန့်ကွက်ဆန္ဒပြပွဲများတွင် ရဲတပ်ဖွဲ့သည် စစ်တပ်ထက်ပို၍ပင် လုံခြုံရေးယူပေးသင့်၏။ စစ်တပ်ဖြစ်စေ, ရဲတပ်ဖွဲ့ဖြစ်စေ လုံခြုံရေးတပ်ဖွဲ့မှန်လျှင် ဆန္ဒပြသူများနှင့် ထိတွေ့ဆက်ဆံရတိုင်း ၎င်းတို့၏ အင်အားကို အလွန်အကျွံ အသုံးမပြုရန် တာဝန်ရှိ၏။ ဆိုလိုသည်မှာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အင်အားကို လျှော့ချအသုံးပြုမှုသာ "အများပြည်သူအား ထိခိုက်မှုမှ အကာအကွယ်ပေးရန်" ဟူသော လုံခြုံရေးတပ်ဖွဲ့တို့၏ ဆောင်ပုဒ်နှင့် ကိုက်ညီမည်ဖြစ်သည်။ သေစေလောက်သော အင်အားဟူသည် အသက်ဘေး ခြိမ်းခြောက်ခံရသဖြင့် သေအံ့ဆဲဆဲ  အခြားသူတစ်စုံတစ်ဦးကို ကာကွယ်ပေးရေးအတွက်သာ အသုံးပြုခွင့် ရှိလေ၏။

ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကန့်ကွက်ဆန္ဒပြပွဲများအား တုံ့ပြန်စဉ် အမျိုးသမီးများနှင့် အခြားအန္တရာယ်ကျရောက်နိုင်သော ကန့်ကွက်ဆန္ဒပြသူများ၏ အခွင့်အရေးကို လေးစားရန် တာဝန်ရှိ၏။ ယင်းတို့အနက် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

- အင်အားအလွန်အကျွံအသုံးပြုမှုသည် အခြေအနေအားလုံးပေါ်တွင် တည်မှီလျက်ရှိပြီး၊ ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် ယင်းတို့အားလုံးကို ထည့်သွင်းစဉ်းစားသင့်၏။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ, သက်ကြီးရွယ်အိုများ သို့မဟုတ် ကလေးသူငယ်များ စသည့် ထိခိုက်လွယ်သော လူအုပ်စုများ ပါဝင်နေလျှင်သော်လည်းကောင်း, အထူးသဖြင့် ၎င်းတို့အား မထိခိုက်စေရန်အတွက်သော်လည်းကောင်း အင်အားအသုံးပြုမှုကို အတတ်နိုင်ဆုံး ရှောင်ကြဉ်သင့်၏။ အချို့သော နည်းဗျူဟာများ အထူးသဖြင့် ရဲတို့က ဆန္ဒပြသူများကို သတ်မှတ်နေရာတစ်ခုအတွင်း ပိတ်မိစေပြီး လျှပ်စစ်လျှော့တိုက်သေနတ်, မျက်ရည်ယိုဗုံးနှင့် လက်ထိပ်များသုံးလျက် "ကျုံးသွင်းပိတ်ဆို့ဖြိုခွဲခြင်း" စသည်တို့သည် ထိုထိခိုက်လွယ်သော လူအုပ်စုများအား အထူးပင် ထိခိုက်စေနိုင်၏။
- ဆန္ဒပြသူများ၏ အကူအညီတောင်းခံမှု အထူးသဖြင့် ထိခိုက်ဒဏ်ရာရသူများအတွက် သို့မဟုတ် ဆန္ဒ ပြမှုအခြေအနေများအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များစသော အန္တရာယ် ပိုမို ကျရောက်နိုင်သူများ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကြောင့် ဝင်ရောက်လာသော ဆေး ဘက်ဆိုင်ရာပုဂ္ဂိုလ်များအား မည်သည့်အကြောင်းဖြင့်မျှ တားဆီးရန် မသင့်ဘဲ လိုအပ်သည့်နေရာ များသို့ ၎င်းတို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိစေရန် ဦးစားပေး ဆောင်ရွက်ပေးသင့်၏။

- အမျိုးသမီးများသည် ကလေးငယ်များနှင့် နို့စို့ကလေးများကို အဓိက ပြုစုစောင့်ရှောက်သူများဖြစ်ကြ ၏။ ထို့ကြောင့် ၎င်းတို့နှင့်အတူ ကလေးများကိုပါ ဆန္ဒပြပွဲများနှင့် လူထုအစည်းအဝေးများသို့ ခေါ်ဆောင်လာနိုင်၏။ အမျိုးသမီးများနှင့် ကလေးများ ရောထွေးပါဝင်နေသော လူအုပ်စုတစ်စုသည် အကြမ်းဖက်မှု ကျူးလွန်နိုင်ခြေ အလွန် နည်းပါးသဖြင့် ၎င်းတို့အပေါ် မည်သည့်အင်အား အလွန် အကျွံ အသုံးပြုခြင်းမဆို အထူးပင် သင့်လျော်ခြင်း မရှိချေ။
- ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြစ်မှုကျူးလွန်သည်သို့မဟုတ် ကျူးလွန်မည်ဟု သံသယဖြစ်ထိုက်သော နေရာများရှိ ဆန္ဒပြသူများကိုသာ ရှာဖွေသင့်ပြီး ဆန္ဒပြပွဲတစ်ခု၌ ပါဝင်ခဲ့ သည်ဟူသော အကြောင်းပြချက်ဖြင့် တစ်စုံတစ်ဦးအား ရှာဖွေခြင်းကို မည်သည့်အခါမှ မပြုလုပ်သင့် ချေ။ အမျိုးသမီးများအား လေ့ကျင့်ထားသော အမျိုးသမီးအရာရှိကသာ ရှာဖွေသင့်၏။
- ဆန္ဒပြသူများအား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားခြင်းသည် ၎င်းတို့၏ အခွင့်အရေးများကို အကြီးအကျယ် အလွဲသုံးစားပြုခြင်းဖြစ်ပြီး၊ ထိုသို့ဖြစ်ပျက်ခဲ့မှုများအား ချက်ချင်း စုံစမ်းစစ်ဆေး လျက် ဒဏ်ခတ်အရေးယူသင့်၏။ ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများအနေဖြင့် ထိုသို့သော အပြုအမူများကိုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို တက်ကြွစွာ လုပ်ဆောင်သင့်ပြီး ထိုသို့သော လုပ်ရပ်မျိုးတွင် တာဝန်ရှိသူများ ပါဝင်ခြင်း မရှိစေရန် ကာကွယ်နိုင်မည့် ထိရောက်သော နည်းလမ်းများကို ချမှတ်သင့်၏။

## ဖမ်းဆီးထိန်းသိမ်းခံ အမျိုးသမီးများနှင့် အမျိုးသမီးသတင်းသမားများ၏ အခွင့်အရေးများ

ဖမ်းဆီးထိန်းသိမ်းခံ အမျိုးသမီးများ အထူးသဖြင့် အမျိုးသမီးသတင်းသမားများ, တက်ကြွလှုပ်ရှားသူများနှင့် ဆန္ဒပြသူများသည် အခြားသူများထက် ပိုမို၍ အသရေပျက်အောင် ကိုယ်ထိလက်ရောက်ပြုခံရခြင်း၊ နှောင့်ယှက်စော်ကားခံရခြင်း သို့မဟုတ် ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများကိုယ်တိုင်က လက်တုံ့ပြန်မှု ကြောင့်ဖြစ်စေ သို့မဟုတ် အခြားအကြောင်းပြချက်များကြောင့်ဖြစ်စေ လိင်ပိုင်းဆိုင်ရာကိစ္စအပါအဝင် အခြား သော အာဏာအလွဲသုံးစားပြုခံရခြင်းတို့ ရှိကြောင်း အတိတ်အတွေ့အကြုံများက ညွှန်ပြလျက်ရှိ၏။ စင်စစ် ယင်းထို့မှာ လူပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုနှင့် တန်းတူညီမျှမှုအရ အမျိုးသမီးများ ရရှိထိုက်သော အခွင့်အရေးများ ကို ချိုးဖောက်ခြင်းပင် ဖြစ်လေ၏။

တရားမစွဲဆိုမီ တင်ကြို ဖမ်းဆီးထိန်းသိမ်းထားစဉ်ကာလအတွင်း အာဏာအလွဲသုံးစားလုပ်မှုအန္တရာယ် မြင့်တက်နိုင်သော်လည်း ဖမ်းဆီးပြီးလျှင်ပြီးခြင်းဖြစ်စေ, တင်ကြိုစစ်ဆေးမေးမြန်းခြင်းပြုလုပ်စဉ်ကာလအတွင်း ၌ဖြစ်စေ ထိုကဲ့သို့ အခွင့်အရေးချိုးဖောက်မှုမျိုးသည် ပို၍ပင် ဖြစ်ပေါ်နိုင်၏။ ဖမ်းဆီးထိမ်းသိမ်းခံအမျိုးသမီး များအား အမျိုးသမီးအရာရှိများကိုယ်တိုင် အမြဲ ကြီးကြပ်သင့်ပြီး ၎င်းတို့၏ ပုဂ္ဂိုလ်ရေးလုံခြုံမှုနှင့် အကာ အကွယ်ရရှိရေးတို့အတွက် သင့်လျော်သော လုံခြုံရေးများကို နေရာချထားပေးသင့်၏။ မည်သည့် ဖမ်းဆီး ထိန်းသိမ်းမှုမျိုးအတွက်မဆို အစဦးပိုင်း၌ အမျိုးသမီးများအား အထိန်းသိမ်းခံအမျိုးသားများနှင့် ခွဲခြား၍ လည်း ထားသင့်၏။

ယေဘုယျအားဖြင့် အမျိုးသားများကိုဖြစ်စေ, အမျိုးသမီးများကိုဖြစ်စေ တရားစွဲဆိုခြင်း မပြုမီ ဖမ်းဆီးထိန်းသိမ်းထားခြင်းမှ ရှောင်ကြဉ်သင့်၏။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ နောက်ဆုံးအချိန်အထိ အပြစ်မရှိကြောင်း တွေ့ရှိနိုင်သူ တစ်စုံတစ်ဦးအား တင်ကြိုဆုံးဖြတ်ခြင်း သို့မဟုတ် ဒဏ်ခတ်အရေးယူခြင်း ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် အထူးကြီးလေးသော ပြစ်မှုမျိုးဖြစ်လျှင် သို့မဟုတ် စွပ်စွဲခံရသူတစ်ဦးသည် ပုန်းအောင်းနေထိုင်မည်, တိုင်းပြည်မှ ထွက်ပြေးရှောင်တိမ်းမည် သို့မဟုတ် သက်သေတစ်ဦးဦးအား မလျော်သြဇာလွှမ်းမိုးမည် ဟူသော အထောက်အထား တွေ့ရှိလျှင် သီးခြားဆုံးဖြတ်ရန် လိုအပ်သည့်အတွက် အသုံးပြုသင့်၏။ အကယ်၍ ထိုကဲ့သို့သော အခြေအနေများရှိကြောင်း ယုံကြည်လောက်သည့် အကြောင်းအချက်မရှိလျှင် ထိုအန္တရာယ်မျိုးများ လျှော့ချရန်အတွက်ပင် အာမခံပေးခြင်းကို ဦးစားပေး စဉ်းစားသင့်၏။ ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါသည်လည်း တရားမစွဲဆိုမီ တင်ကြိုဖမ်းဆီးထိန်းသိမ်းမှုကို ကန့်သတ်ရန် နောက်ထပ် အကြောင်းပြချက်တစ်ခုပင် ဖြစ်လေ၏။

အလားတူပင် ကလေးသူငယ်များအား မူလဘူတ သို့မဟုတ် တစ်ဦးတည်းပင်တိုင် စောင့်ရှောက်နေသော အမျိုးသမီးများအား ယခုကဲ့သို့ ဖမ်းဆီးထိန်းသိမ်းထားခြင်းကြောင့် ကလေးတို့၏ ကောင်းကျိုးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် အန္တရာယ်ရှိလျှင် ထိုအမျိုးသမီးတို့ကို ဦးစားပေး လွှတ်ပေးသင့်၏။

အာမခံပေး၍ လွှတ်မြောက်စေခြင်းသည် တရားမစွဲဆိုမီ ဖမ်းဆီးထိန်းသိမ်းခြင်းအစား အခြားရွေးချယ်စရာနည်းလမ်း တစ်ခုဖြစ်လေ၏။ ဤနည်းလမ်းကို အသုံးချရာ၌ ဆုံးဖြတ်ချက်ချသူများအနေဖြင့် အမျိုးသမီးတစ်ဦး၏ အမည်ဖြင့် ပိုင်ဆိုင်မှုများကို စာရင်းမသွင်းနိုင်ခြင်း သို့မဟုတ် ဘဏ္ဍာရေးဝန်ဆောင်မှုများ တန်းတူညီမျှမှု မရှိသဖြင့် ငွေသားအလျင်အမြန် ရရှိရန် ခက်ခဲနိုင်ခြင်း စသည့် ကျား/မခွဲခြားမှုအရ ငွေကြေးဆိုင်ရာ တန်းတူညီမျှမှု မရှိခြင်းတို့ကြောင့် အမျိုးသမီးများသည် အမျိုးသားများလောက် အာမခံငွေ ပေးသွင်းရန် မတတ်စွမ်းနိုင်ကြောင်း ထည့်သွင်းစဉ်းစားသင့်သည်။ ထို့ကြောင့် အာမခံငွေပမာဏနှင့် အခြေအနေတို့ကို

သတ်မှတ်ရာ၌ ကျား/မခွဲခြားမှုနှင့် အခြားကိုယ်ရေးကိုယ်တာအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားသင့်၏။

အမျိုးသမီးများအား ၎င်းတို့၏ ကလေးများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားသော အခြေအနေများကြောင့် အထူးစိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေ၏။ အမျိုးသမီးများအား ၎င်းတို့၏ ကလေးများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းမှုကြောင့် ထိုကလေးများအတွက် ကောင်းမွန်သော အခြေအနေများကို ဆိုးရွားစွာ အန္တရာယ်ဖြစ်စေသဖြင့် ယင်းကို ရှောင်ကြဉ်သင့်၏။ မွေးကင်းစကလေး သို့မဟုတ် ကလေးငယ်ရှိသော အမျိုးသမီးတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းထားခြင်းကို လုံးဝ မရှောင်လွှဲနိုင်ပါက ကလေးကို ထိုအမျိုးသမီးနှင့်အတူ ထိန်းသိမ်းချုပ်နှောင်ထားရန် သင့်/မသင့်အတွက် "ကလေးအား အကောင်းဆုံးအကျိုးရှိစေမည့်" ဆုံးဖြတ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ပြီး၊ မည်သည့်အကြောင်းပြချက်ကြောင့်ဖြစ်စေ အကျဉ်းသားတစ်ဦး မဖြစ်သင့်သော ကလေးကို သင့်လျော်သော အရင်းအမြစ်များ ထောက်ပံ့ပေးရန် လိုအပ်၏။

ဖမ်းဆီးထိမ်းသိမ်းခံအမျိုးသမီးများအား ထိတွေ့ဆက်ဆံရန်အတွက် အပြည်ပြည်ဆိုင်ရာ အခြားစံနှုန်းများမှာ အောက်ပါအတိုင်းဖြစ်၏။

- အမျိုးသမီးများအား ဆွေမျိုးများနှင့် ပုံမှန်ဆက်သွယ်ခွင့် ပြုသင့်၏။ မှီခိုကလေးတိုင်းအတွက် သင့်လျော်သော စောင့်ရှောက်မှုအစီအစဉ်များ ပြုလုပ်ထောက်ပံ့ပေးသင့်၏။
- အမျိုးသမီးထိန်းသိမ်းရေးစခန်းများအနေဖြင့် ရေ၊ သန့်ရှင်းရေးသုံးပစ္စည်းများ စသော တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လိုအပ်သည်များကို အခမဲ့ ပံ့ပိုးပေးခြင်းနှင့် မိခင်နို့တိုက်ကျွေးရေးအပါအဝင် ကလေးငယ်များအား စောင့်ရှောက်ရေးအတွက် သင့်လျော်သော အခြေအနေများ ဆောင်ရွက်ပေးသင့်၏။
- အမျိုးသားကျန်းမာရေးဝန်ထမ်းတစ်ဦး၏ စောင့်ရှောက်မှုကို မခံယူလိုသော နေရာမျိုး၌ အမျိုးသမီးဆရာဝန်များနှင့် သူနာပြုများအပါအဝင် ကျား/မ သီးသန့်ခွဲခြားထားသည့် ကျန်းမာရေးစောင့်ရှောက်မှုမျိုးကို အမျိုးသမီးများ ရရှိနိုင်ရန် ဆောင်ရွက်ပေးသင့်၏။
- အမျိုးသမီးများအား မည်သည့်ရှာဖွေမှုများမဆို ပြုလုပ်ရန်အတွက် လေ့ကျင့်ထားသော အမျိုးသမီးဝန်ထမ်းများက ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ပုဂ္ဂိုလ်ရေး လုံခြုံမှုကို လေးစားသမှုဖြင့် ဆောင်ရွက်သင့်၏။ ခန္ဓာကိုယ်အတွင်း မွှေနှောက် ရှာဖွေခြင်းများကိုမူ ရှောင်ရှားသင့်၏။
- ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူတို့ သို့မဟုတ် ထောင်ဝန်ထမ်းတို့က အလွဲသုံးစားပြုမှုများကို တင်ပြ/တိုင်ကြားလာသော အမျိုးသမီးများအား ထိုအရာရှိတို့က လက်တုံ့ပြန်မှုများမှ ချက်ချင်းပင် အကာအကွယ်ပေးသင့်ပြီး၊ လွတ်လပ်သော အာဏာပိုင်တစ်ဦးက ထိုအဖြစ်အပျက်အား စုံစမ်းစစ်ဆေးရန်နှင့် ပိတ်ဆို့အရေးယူရန် ဆောလျင်စွာ လုပ်ဆောင်သင့်၏။ စောင့်ကြည့်ကြီးကြပ်သူများ

ကို အဆောက်အဦများအတွင်းသို့ လည်ပတ်ခွင့်ပြုသင့်ပြီး၊ထိုစောင့်ကြည့်လေ့လာရေးအဖွဲ့များ၌ အမျိုးသမီးများကိုလည်း ထည့်သွင်းပါဝင်စေသင့်၏။

- လူမျိုးစုနောက်ခံအသိုင်းအဝန်းမှ အမျိုးသမီးများ၏ လိုအပ်ချက်များကို ၎င်းတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးစံများနှင့်အညီ လေးစားသမှုဖြင့် ဖြည့်ဆည်းပေးသင့်၏။

## Sources and Additional Reading

- Convention on the Elimination of All Forms of Discrimination against Women: https://bit.ly/2PkK1jN
- Committee on the Elimination of Discrimination against Women, General Recommendation No. 19 on Violence against Women (https://bit.ly/3u59eNW) and General Recommendation No. 23: Political and Public Life (https://bit.ly/3w8tosl)
- United Nations Human Rights Committee, General Common No. 37 on the right to peaceful assembly: https://undocs.org/CCPR/C/GC/37
- Report of the United Nations Special Rapporteur on freedom of peaceful assembly and association on celebrating women in activism and civil society: https://undocs.org/A/75/184
- United Nations Rules for the Treatment of Women Prisoners and Non-Custodial Measures for Women Offenders ("the Bangkok Rules"): https://bit.ly/2Pofxxc
- Committee on the Elimination of Discrimination against Women, *Inga Abramova v. Belarus*, Communication No. 23/2009: https://bit.ly/3cCn9VP
- General Assembly Resolution No. 72/175: https://undocs.org/en/A/RES/72/175
- European Commission for Democracy through Law and OSCE Office for Democratic Institutions and Human Rights, Guidelines on Freedom of Peaceful Assembly: https://bit.ly/2PjUnR0
- Inter-American Commission on Human Rights, Protest and Human Rights: https://bit.ly/39qTug8
- United Nations Office on Drugs and Crime and Office of the High Commissioner for Human Rights, Resource Book on the Use of Force and Firearms in Law Enforcement: https://bit.ly/3fpGfAb